*Volume 4 / Issue 3 / March / 2011*

*Enjoy free reading from B.C.F*

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

## ဧဝံဂေလိတရား နှင့် ဘုရားသခင်၏ သစ္စာတော်

လူအပေါင်းတို့သည် အပြစ်သားဖြစ်၍ အပြစ်ရှိကြ၏။ ကျမ်းစာလာသည်ကား၊–

– ဖြောင့်မတ်သော သူမရှိ၊ တစ်ယောက်မျှမရှိ။
– နားလည်သောသူမရှိ။
– ဘုရားသခင်ကို ရှာသောသူမရှိ၊
– လူအပေါင်းတို့သည် လမ်းလွဲကြပြီ။ တညီတညွတ်တည်း အသုံးမရသော သူဖြစ်ကြပြီ။
– ကောင်းသောအကျင့်ကို ကျင့်သောသူမရှိ၊ တစ်ယောက်မျှမရှိ။

ကျွန်ုပ်တို့ ခံယူ၍ မှီဝဲဆည်းကပ်သော ဧဝံဂေလိတရား အကြောင်းအရာ ဟူမူကား၊–

∗ ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့၏ အပြစ်ကြောင့် အသေခံတော်မူ၏။
∗ သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏။

ကျွန်ုပ်တို့သည် အကျိုးမဲ့မယုံဘဲ စိတ်စွဲလန်းလျှင်၊ ထိုဧဝံဂေလိတရားအားဖြင့် ကယ်တင်တော်မူခြင်းသို့ရောက်ကြ၏။

ကျွန်ုပ်တို့သည် ဝမ်းမြောက်စရာ သိတင်းကို ကြားရကြပြီ။ သို့ရာတွင် ကျွန်ုပ်တို့ ကြားရသော ဧဝံဂေလိ တရားစကားသည် ကြားရသောသူတို့အထဲ၌ ယုံကြည်ခြင်းနှင့် မရောနှောသောကြောင့် အကျိုးကိုမပေး။ အချို့မယုံသော်လည်း အဘယ်သို့ဆိုဘွယ်ရှိသနည်း။ သူတို့မယုံဘဲ နေခြင်းအရာသည် ဘုရားသခင်၏ သစ္စာတော်ကို ဖျက်နိုင်သလော။ မဖျက်နိုင်ရာ။ သို့ဖြစ်၍၊ ကျမ်းစာ၌လာသည်နှင့်အညီ၊–

+ မိန့်တော်မူချက်သည် ဖြောင့်ပါ၏။ တရားစီရင်သောအခါ အောင်မြင်တော်မူ၏။
+ လူခပ်သိမ်းတို့သည် သစ္စာပျက်သော်လည်း၊ ဘုရားသခင်၏သစ္စာတော်သည် တည်တော်မူ၏။

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

## မဟာစေခိုင်းချက်



လောကသားအပေါင်းတို့အတွက် ဝမ်းမြောက်ဖွယ်ရာ သိတင်းကို ဟောပြော သက်သေခံရန် ယေရှုခရစ်တော်(**Jesus Christ**)သည် မဟာစေခိုင်းချက်ကို ချမှတ်တော်မူခဲ့သည်။ ယေရှုခရစ်တော်သည် ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သော အခွင့်တန်ခိုး ရှိသမျှတို့ကို ငါခံရပြီဟု ပြောဆိုလျက် (မဿဲ၊၂၈း၁၉–၂၂)တွင်၊– တပည့်တော်တို့အား ဤသို့ မိန့်တော်မူခဲ့၏။

- သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။
- ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက် စေခြင်းငှါ၊ ဆုံးမသြဝါဒ ပေးကြလော့။
- ငါသည်လည်း ကပ်ကမ္ဘာကုန်သည် တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ် ရှိသည်။

ထို့အတူ တပည့်တော်တို့အား မိန့်တော်မူသကဲ့သို့ သားတော်ကို ယုံကြည်သူ အယောက်စီတိုင်းအား ပြောနေသည့်အတွက် သင်နှင့်ကျွန်ုပ်လည်း အပါအဝင်ဖြစ်သည်။

ဘုရားသခင်သည်ဤလောကသို့သားတော်သခင်ယေရှုကိုစွန့်လွှတ်ရသည့်အဓိကအချက်မှာ။– လောကီသားအပေါင်းတို့ကိုချစ်တော်မူသောကြောင့်ဖြစ်၏။ဤမှန်သောစကားကို ထုတ်ဖေါ်ရန် ခရစ်တော်သည်လူ့ဇာတိကို ခံယူတော်မူ၏။

ထို့ကြောင့် “သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊ဘုရားသခင်သည်မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ လောကီသားတို့အားအပြစ်စီရင်ခြင်းငှါ၊ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည်မဟုတ်၊ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း စေလွှတ်တော်မူ၏” ဟုဆိုထားပါသည်။

ခမည်းတော်၏စေခိုင်းတော်မူသောအမှုကို “ငါသည် ကိုယ်အလိုအလျောက် ဟောပြောသည်မဟုတ်၊ ငါ့ကို စေလွှတ်တော်မူသော ခမည်းတော်သည် အဘယ်သို့ ငါဆုံးမဟောပြော ရမည်ကို ပညတ်ပေးတော်မူပြီ။ **ခမည်းတော်၏ ပညတ်တော်သည် ထာဝရအသက်** ဖြစ်သည်ကို ငါသိ၏။ထိုကြောင့် ဟောပြောသမျှတို့ကို ခမည်းတော် မှာထားတော်မူသည် အတိုင်း ငါဟောပြောသည် ”ဟု ကြွေးကြော်၍ မိန့်တော်မူခဲ့၏။ (ယော၊၁၂း၄၉–၅၀)

သားတော်သည် အဆုံးခန်းတိုင်အောင် **“ဤအမှုပြီးပြီ”**။ **“ဤလောကကိုအောင်ပြီ”** ဟုရဲဝံ့စွာ ကြွေးကြော်လျက်၊ ခမည်းတော်၏ ကောင်းမြတ်တော်မူခြင်းနှင့် မေတ္တာတော်ကို သက်သေပြခဲ့၏။

သခင်ယေရှုသည် “သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ညာဏ်ရှိသမျှနှင့် ချစ်လော့၊ ဟူသောပညတ်သည်ပဌမပညတ်ဖြစ်၏။ ကြီးမြတ်သောပညတ်လည်းဖြစ်၏။ ထိုမှတပါးကိုယ်နှင့်

စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ ဟူသော ဒုတိယပညတ်သည် ပဌမပညတ်နှင့် သဘောတူ၏။ ဤပညတ်နှစ်ပါးတို့ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်း ရှိသမျှတို့၏ အချုပ်အခြာပင် ဖြစ်သတည်းဟု မိန့်တော်မူ၏။ (မဿဲ၊၂၂း၃၇–၄၀)

ဤလောက၌၊ သခင်ယေရှု သက်တော်ထင်ရှားရှိစဉ်အခါ ကောင်းကင်အဘ ခမည်းတော်၏ကြီး မြတ်တော်မူကြောင်းကို ကိုယ်တိုင် သက်သေခံခဲ့၏။ တရားဒေသနာများကိုလည်း ပုံပမာနှင့်တကွ ဟော ပြောခဲ့၏။ သေသောသူကိုပင် ရှင်စေ၏။ ဖျားနာသူကိုလည်း ချမ်းသာပေး၏။ မျက်စိကန်းသူကို မြင်စေ၍၊ ခြေဆွံ့သူကို လှမ်းလျှောက်စေသည်။ နူနာစွဲသောသူများကို သန့်ရှင်းစေခဲ့၏။ နတ်ဆိုးကိုလည်း နှင်ထုတ် တော်မူ၏။

တဖန် ခမည်းတော်သည် ငါ့ကို စေလွှတ်တော်မူသည်နည်းတူ၊ ငါသည် သင်တို့ကို စေလွှတ်၏။ (မာ၊၁၆း၁၅–၁၈)တွင်၊–သင်တို့သည် လောကီနိုင်ငံအရပ်ရပ် ရှိသမျှသို့ သွား၍၊–

- ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့။
- ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတံ့။
- မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကို ခံရလတံ့။

ယုံကြည်သော သူတို့၌ဖြစ်အံ့သောနိမိတ်လက္ခဏာဟူမူကား၊ –

- ငါ၏နာမကိုအမှီပြု၍ နတ်ဆိုးတို့ကိုနှင်ထုတ်ကြလတံ့။
- ထူးခြားသောဘာသာ စကားမျိုးတို့ကို ပြောကြလတံ့။
- မြွေတို့ကို ဘမ်းကိုင်ကြလတံ့။
- သေစေတတ်သော အဆိပ်အတောက်ကို သောက်စားလျှင် ဘေးဥပဒ်နှင့် ကင်းလွတ်ကြလတံ့။
- မကျန်းမမာသော သူတို့အပေါ်မှာ လက်ကိုတင်၍ ချမ်းသာ ပေးကြလတံ့။–ဟု မိန့်တော်မူ၏။

အထက်ဖေါ်ပြပါ မိန့်မှာတော်မူချက် နှင့်အတူ၊ အခွင့်အာဏာကိုလည်း ပေးအပ်ခဲ့ပါသည်။

– ကျွန်ုပ်တို့သည် သားတော်ကို ယုံကြည်လျှင် ပညတ်တော်တို့ကို စောင့်ရှောက်ရမည်။
– ကျွန်ုပ်တို့သည် သားတော်ကို ယုံကြည်လျှင် မိန့်တော်မူချက်တို့ကို လိုက်နာရမည်။
– ကျွန်ုပ်တို့သည် သားတော်ကို ယုံကြည်လျှင် အခွင့်တန်ခိုးကို ခံရမည်။

လူသားတို့၏ အားနည်းချက်ကို သိတော်မူသော သခင်သည် “ငါသည်လည်း ကပ်ကမ္ဘာ ကုန် သည်တိုင်အောင်သင်တို့နှင့် အတူအစဉ်မပြတ်ရှိမည်” ဟုပြောသည်သာမက၊ “ငါ့ကိုချစ်လျှင် ငါပညတ် တို့ကို စောင့်ရှောက်ကြလော့။ ငါသည်ခမည်းတော်ကို တောင်း၍၊ ခမည်းတော်သည် သမ္မာတရားကို ပြသော ဝိညာဉ်တော်တည်းဟူသော တပါးသောဥပဇ္ဈာယ်ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ် တည် နေစေခြင်းငှါ သင်တို့အား ပေးတော်မူမည်။ ထိုဝိညာဉ်တော်ကို လောကီသားတို့သည် မသိမမြင် သော ကြောင့် မခံ မယူ နိုင်ကြ။ ထိုဝိညာဉ်တော်သည် သင်တို့နှင့်အတူ တည်နေ၍၊ သင်တို့၌ ရှိတော်မူသော ကြောင့် သင်တို့သိရကြ၏” ဟုအတိအလင်း ပြောခဲ့သည့်အတွက် ဘာမျှရှက်ကြောက်စရာ၊ အားငယ် စရာ မလိုပါ။

သို့သော်၊ သခင်ယေရှု၏ စေခိုင်းမှုကို နာခံ၍၊ ဧဝံဂေလိတရားကို ဟောကြားရန်၊ ကျွန်ုပ်တို့ခြေ လှမ်းပြင်သည်နှင့် တပြိုင်နက် စာတန်၏ ဖျက်ဆီးနှောက်ယှက်ခြင်းအမျိုးမျိုးကို ခံရမည်မှာ ဧကန် အမှန်ပါ။ ထို့ကြောင့် ဧဝံဂေလိ လုပ်ဆောင်နေသူများအတွက် သန့်ရှင်းသောဝိညာဉ်တော် လမ်းပြ၍ မစတော်မူရန် နောက်ပိုင်းမှ ဆုတောင်းပေးရန်လည်း အရေးကြီးသော ဂဏ္ဍတစ်ခု အနေဖြင့် ပါဝင်ပါသည်။ ထိုသို့သော သူတို့၏ အခန်းဂဏ္ဍကို လူအများ မသိသော်လည်း ဘုရားရှင်သည် သိမှတ်တော်မူ၏။

**“ငါသည် တံငါအများတို့ကို စေလွှတ်၍ လူမျိုးကို မျှားစေမည်”** ဟု (ယေ၊၁၆း၁၆)မှာ၊ ထာဝရ ဘုရားမိန့်တော်မူထား၏။ သခင်ယေရှုကိုယ်တော်တိုင် (မဿဲ၊၄း၁၉)၌၊ **“သင်တို့ကို လူကို မျှားသောတံငါ ဖြစ်စေခြင်းငှါ၊ ငါပြုမည်”** ဟုပြောခဲ့၍၊ ပေတရုကို အသင်းတော်တွင်း သာသနာအမှုဆောင်ရန် အပ်နှင်း ခဲ့သလို၊ ရှင်ပေါလုအား တစ်ပါးအမျိုးသားတို့ကို သာသနာပြုရန် ရွေးချယ်ခဲ့၏။ ခရစ်တော်၏ အခွင့်အား ဖြင့်**“နောင်တတရားနှင့်အပြစ်လွှတ်ခြင်းတရား ”**ကို လူမျိုးတကာတို့အား ဟောပြောရမည်။ ကျွန်ုပ်တို့ သည်လည်း ဤအကြောင်းအရာတို့၏ သက်သေများ ဖြစ်ကြ၏။

သိတင်းမကြားလျှင် အဘယ်သို့ ယုံကြည်နိုင်မည်နည်း။ ဟောပြောသောသူ မရှိလျှင် အဘယ် သို့ကြားနိုင်မည်နည်း။ လူကိုမစေလွှတ်လျှင် အဘယ်သို့ဟောပြောနိုင်မည်နည်း။ ––– သို့ဖြစ်၍၊ ယုံကြည် ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏ စကားတော်အားဖြင့်ဖြစ် ၏။ သို့ရာတွင် လူအပေါင်းတို့သည် မကြားရကြပြီလော၊ အမှန်ကြားရပြီ။ သူတို့၏ အသံသည် မြေတပြင် လုံး၌နှံ့ပြား၍၊ သူတို့၏ စကားသည် မြေကြီးစွန်းတိုင်အောင် ရောက်လေပြီ။ (ရောမ၊၁၀း၁၄–၁၈)

ယခုခေတ်ကာလထိ၊ အနီးသာသနာ၊ အဝေးသာသနာနှင့် ကမ္ဘာလုံးဆိုင်ရာသာသနာ အတွက် လူမျိုးချစ်စိတ်ဓါတ်ပြင်းထန်မှု၊ ယဉ်ကျေးမှုမတူညီမှုနှင့် ဓလေ့ထုံးစံကွဲပြားမှုများ ကြားတွင်၊ ဧဝံဂေလိ လုပ် ရန်မှာ မလွယ်ပါ။ ဤအကြောင်းကြောင့် ဘုရားသခင်သည် သာသနာပြုရန် အတွက် ဝိညာဉ်ဆုကျေးဇူး၊ ဝိညာဉ်တန်ခိုးနှင့် အခွင့်အရေး ပေးထားသဖြင့် ဧဝံဂေလိသတင်းကောင်းသည် ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း (၂၂၀)ကျော်ထိ အောင်မြင်စွာရောက်ရှိခဲ့ပြီ။

တမန်တော်ရှင်ပေါလု ကိုယ်တိုင် “ငါသည် ခရစ်တော်၏ ဧဝံဂေလိတရားကြောင့် ရှက်ကြောက် ခြင်းမရှိ။ အကြောင်းမူကား၊ ထိုတရားသည် ရှေဦးစွာ၌ ယုဒလူ၊ နောက်၌ ဟေလသလူ၊ ယုံကြည်သမျှ သောသူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏။ အဘယ်သို့နည်းဟူမူကား၊ **ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်ဟု ကျမ်းစာလာသည်နှင့်အညီ၊ ယုံ ကြည်ခြင်း၌ တည်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်ခြင်းဘို့ အလိုငှါ ဧဝံဂေလိ တရားဖြင့် ထင်ရှားလျက်ရှိ၏။”**

ဤမဟာစေခိုင်းမှုတွင် သင်နှင့်ကျွန်ုပ်လည်း အုပ်တစ်ချပ်၊ သဲတစ်ပွင့် အဖြစ် ပါဝင်ခဲ့ပြီလား။ ပြန်လည်ကာဆန်းစစ်ပါ။ ယနေ့ပင် ကယ်တင်ရာနေ့ ဖြစ်သည်အတိုင်း အမှုတော်မြတ်မှာ သစ္စာရှိစွာဖြင့် အတူတကွ လက်တွဲကာ ပါဝင်ကြပါစို့။

သားတော်ကိုကိုးစားသောသူအပေါင်းတို့သည်မင်္ဂလာရှိကြ၏။ (ဆာလံ၊၂း၁၂)
ဟာလေလုယ ... အာမင်။

အမှုတော်မြတ်၌၊–
မဆိုရှယ်(မော်တင်လိန်း)

# The Great Commission